မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 15/Issue 8/ August / 2022*

## Bible Sunday

## သမ္မာကျမ်းစာတနင်္ဂနွေနေ့

## August 28, 2022

### Holy Bible



**The Word of God**

**Read it daily,**

**Study it always,**

**Obey it faithfully.**

**Bless are those who hear the words of God and keep it.**

**Luke 11:28**

## *B.C.F. 2022, August Events*

**August 2022**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

***08/06/2022***

***BCF Family Picnic***

***at Santa Fe Dam Recreation Area***

***Irwindale, California.***

***08/07/2022***

***… Holy Communion …***

***08/14/2022***

***… Regular Sunday Service …***

***08/21/2022***

***… Senior's day Service …***

***08/28/2022***

***… Bible Sunday Service …***

***Guest Speaker … Rev. Min Than OO***

++++++++++++++++++++++++++++++++++++

***Sunday Service … 2:00 PM***

***Bible Study … 1:00 PM***

***Children Sunday School … 2:15 PM***

***at 1337 Farmstead Ave. La Puente, CA 91745.***

# မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်
# (၄၂) နှစ်မြောက် လူငယ်များနေ့
## (၁၉၈၀ – ၂၀၂၂)

မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော် (BCF) ၏ (၄၂) နှစ်မြောက် လူငယ်များနေ့ကို ဇူလိုင်လ၊ ၃၁ ရက် ၊ ၂၀၂၂ ခုနှစ် ၊ တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

Los Angeles, CA တွင် ရှိသော မြန်မာအသင်းတော်များမှ လူငယ်များပါဝင်တက်ရောက်၍ ချီးမွမ်းကိုးကွယ်ခြင်းများဖြင့် ရွှင်လန်းဝမ်းမြောက်စွာ မိတ်သဟာယဖွဲ့လျက် ဝတ်ပြုကိုးကွယ်ခြင်း၊ သမ္မာကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း၊ တရားဒေသနာကြားနာခြင်း၊ အလှူတော်ငွေပေးလှူခြင်းတို့ အပြင် အသင်းတော်၏လူငယ်အသင်းမှ တည်ခင်း ကျွေးမွေးသော အစားအစာကို အတူတကွစားသောက်ရင်း ရင်းနှီးချစ်ခင်စွာ ပါဝင်ကြပါသည်။

အစီအစဉ်တွင်၊ (BCF) အသင်းတော်၏လူငယ်များ တာဝန်ယူကာ –

သဘာပတိ … Yumi Mintin
အပြန်အလှန်ဖတ်ခြင်း … Zarni Shinn
အထူးဆုတောင်းခြင်း … Soe Myat Mon
ကျေးဇူးတင်စကားပြောခြင်း … Simon Nyun (BCF Youth President)
အလှူတော်ငွေကောက်ခံခြင်း … Kendrick & Jousha Lim တို့ ပါဝင်ကြသည်။

ဓမ္မတေးကျူးချီးမွမ်းခြင်းဖြင့် ပါဝင်ကြသော အသင်းတော်နှင့်လူငယ်များမှာ –
Youth group song – Justin Naing, Elwah Paw, Vicky and Gracea Naing.
BCF Youth group song – Yumi Mintin, Soe Myat Mon and Somon Nyun.
LAMCC Youth solo – Bryan Shein
FKBC Youth solo – Ah Hpan
Youth group song – Emily Ang, Nyi Nyi, Simon and Bryan Shein တို့ဖြစ်သည်။

လူငယ်များနေ့ ဝတ်ပြုကိုးကွယ်ခြင်း အတွက် ရွေးချယ်ထားသော သမ္မာကျမ်းစာမှာ –
ဒေသနာကျမ်း၊ ၃း၅–၆ နှင့် တိမောသေသြဝါဒစာပထမစာစောင်၊ ၄း၁၂ ဖြစ်ပါသည်။
ထိုကျမ်းပိုဒ်များကို အခြေခံ၍ Rev. Martin Nyun က တရားဒေသနာ ဟောကြားပါသည်။ ထိုနောက်၊ BCF Youth President ဖြစ်သူ Simon Nyun မှ ကျေးဇူးတင်စကားပြောကြားပါသည်။ 'မှုတော်ဆောင်ရွက်ကျူး' ဓမ္မသီချင်းကျူးပြီး၊ Rev. Henry Ang ကောင်းကြီးပေး၍ ဝတ်ပြုစည်းဝေး ရုတ်သိမ်းခဲ့ပါသည်။

ဝတ်ပြုစည်းဝေး အပြီးတွင် Fellowship Hall ၌ BCF Youth လူငယ်အသင်းမှ ညနေစာဖြင့် တည်ခင်းဧည့်ခံပါသည်။ ။










# Meditation for Bible Scripture Verses

## The Word of God

**John 1:2-2,14**




**ရှင်ယောဟန်၊၁း၁–၄**

အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။
နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိ၏။

နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။

ထိုနှုတ်ကပတ်တော်သည်
ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။
ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက် ဖြစ်သောအရာ တစုံတခုမျှမရှိ။

ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏။
ထိုအသက်သည်လည်း လူတို့၏အလင်း ဖြစ်၏။

**ဆာလံကျမ်း၊၃၃း၄**

ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ဖြောင့်မတ်ပေ၏။
စီရင်တော်မူသမျှသောအမှု တို့သည်လည်း သစ္စာတရားနှင့် ညီကြ၏။

**ဆာလံကျမ်း၊၁၁၉း၁၀၅**

နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍
အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။

**ဆာလံကျမ်း၊၁၁၉း၁၃၀**

နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကိုပေး၍
မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏။

## Your Word is TRUTH

**John 17:17**

**ရှင်ယောဟန်၊ ၁၇း၁၇**

ကိုယ်တော်၏သမ္မာတရား အားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။
ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏။

**ဆာလံကျမ်း၊၂၅း၅**

ကိုယ်တော်၏ သမ္မာတရားကိုပြ၍၊
အကျွန်ုပ်ကိုသွန်သင်တော်မူပါ။
အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်ကို
ကယ်တင်သော ဘုရားသခင် ဖြစ်တော်မူ၏။

## Then you will know the TRUTH and the TRUTH will set you FREE

**John 8:32**




**ရှင်ယောဟန်၊၈း၃၂**

သင်တို့သည် သမ္မာတရားကို သိကြသဖြင့်၊
ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်။

**၂ကော၊၃း၁၇**

သခင်ဘုရား၏ ဝိညာဉ်တော်တရားသည်
လွှတ်ခြင်းချမ်းသာကို ပေးတတ်၏။

## Thanks to God
**Psalm 107:1**

**ဆာလံ၊၁၀၇း၁**
ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်
ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလော့။

**ဆာလံ၊၁၄၅း၃**
ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်းဖွယ် ဖြစ်တော်မူ၏။ ကြီးမြတ်တော်မူခြင်းကို
စစ်၍မကုန်နိုင်။

**၁သက်၊၅း၁၈**
အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊
ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။

**ဖိလိပ္ပိ၊၄း၆–၇**
အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ
အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ
ဆုတောင်းပဌနာပြုသောအားဖြင့်၊သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အား
ကြားလျှောက်ကြလော့။
ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်း သည်
ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။




## Read the Bible to be wise,
## Believe it to be safe,
## Practice it to be holy.



**Psalm 19:7**
**God has spoken**
**in His Marvelous Word**

**ဆာလံကျမ်း၊၁၉း၇–၁၁**
ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။

ထာဝရဘုရား၏သက်သေခံတော်
မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။

ထာဝရဘုရား၏နည်းဥပဒေသတို့သည် ဖြောင့်မတ်သည်ဖြစ်၍
စိတ်နှလုံးကို ရွှင်လန်းစေတတ်၏။

ထာဝရဘုရား၏ပညတ်တော်သည် စင်ကြယ်သည်ဖြစ်၍
မျက်စိကိုရှင်းလင်းစေတတ်၏။

ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသဘောသည် သန့်ရှင်းသည်ဖြစ်၍
ကာလအစဉ်အမြဲတည်၏။

ထာဝရဘုရား၏စီရင်တော်မူချက်တို့သည် သစ္စာတရားနှင့်ညီ၍
တညီတညွတ်တည်း ဖြောင့်မတ်ကြ၏။

ရွှေထက်မက များစွာသောရွှေစင်ထက် နှစ်သက်ဖွယ်ဖြစ်၍
ပျားရည်ထက်မက ပျားလပို့ထက်ချိုကြ၏။

**It is written,**
**Man shall not live by bread alone,**
**but by every word that proceeds from**
**the mouth of God.**
**Matthew 4:4**




**ရှင်မဿဲ၊၄း၄**

လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည်မဟုတ်။
ဘုရားသခင် မိန့်တော် မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်။

**ဟေဗြဲ၊၄း၁၂**

ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊
သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုင်း၊
အရိုးဆစ်နှင့်ခြင်ဆီကိုင်း ပိုင်ခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံ အစည်များကိုလည်း
သိမြင်တတ်၏။

**၂တိမောသေ၊၃း၁၆**

ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ---

**သုတ္တံကျမ်း၊၂း၆**

ထာဝရဘုရားသည် ပညာကိုပေးတော်မူတတ်၏။
နားလည်နိုင်သောဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာ ဖြစ်တတ်၏။

**သုတ္တံကျမ်း၊၃၀း၅-၆**

ဘုရားသခင်၏စကားတော် ရှိသမျှသည် စင်ကြယ်၏။
ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင်သည် အကွယ်အကာ ဖြစ်တော်မူ၏။

# ချစ်ခြင်းမေတ္တာ

~~~~~~~~~~~~~~~~~ **နိုင်လင်း** ~~~~~~~~~~~~~~

ချစ်ခြင်းရှိလျှင် .. စိတ်ရှည်မှုတွင် .. ကျေးဇူးပြုရင်း .. ဂုဏ်ပြိုင်ခြင်း၌ .. ဝါကြွားကင်းမဲ့
ဒေါသအမျက် .. မထွက်တတ်တဲ့ .. အပြစ်ကင်းစင် .. ထင်မှတ်တတ်၏။
မာနနတ္တိ .. ခပ်သိမ်းအရာ .. မျှော်လင့်တင်းခံ .. ဖောက်ပြန်ပြန်တွင် .. အစဉ်ကင်းလွတ်
အများကျိုးတွက် .. သက်စွန့်တတ်ပြီ။

ချစ်ခြင်းမေတ္တာ .. ယုံကြည်မြော်လင့် .. ဤသုံးပါးတွင် .. တည်လျက်ရှိပြီ၊
ချစ်မေတ္တာသာ .. အမြတ်ဆုံးဖြစ် .. သမ္မာကျမ်းတွင် .. ရှင်ပေါလုက .. မှတ်တမ်းတင်ပြီ။

ယေရှုခရစ် .. စပျစ်နွယ်ပင် .. သင်တို့ထက်ဝယ် .. အခက်များဖြစ်
အကြင်သူသည် .. ငါ၌တည်လျှင် .. ငါမူသည်လည်း .. သူ၌တည်မည်။
ဤလူသည်ကား .. များစွာသီးလျက် .. ငါနှင့်ကွာလျှင် .. သင်တို့တွေဝယ်
ဘယ်မှုကိုမျှ မတတ်နိုင်ပြီ။

သူ၌မတည် .. ဤစကားကို .. သင်တို့တွေအား .. ငါဟောကြားပြီ၊
သင်တို့များမှာ .. အချင်းချင်းချစ် .. မေတ္တာစစ်ဖြင့် .. ချစ်ခင်ရမည်။

ထင်ရှားဆုံးမှာ .. ကားတိုင်တက်တွင် .. ကိုယ်တော်ရှင်သည် .. အဂ္ဂါပေချစ်
ယေရှုခရစ် .. သက်သေထူလျက် .. ကိုယ့်အဆွေတို့ .. အဘို့လို၌ာ .. အသက်စွန့်ခြင်း
ချစ်မေတ္တာထက် .. သာ၍မြတ်စွာ .. မေတ္တာစစ်ဝယ် .. ဘယ်သူ့မှမျှ .. မရှိနိုင်ရာ။
~~~~~~~~~~~~~~~~~